Perth Children's Hospital

ကျန်းမာရေးဆိုင်ရာ အချက်အလက်များ

# ကျောက်ပတ်တီးများ

## သင့်ကျောက်ပတ်တီးကို ဂရုစိုက်ရန်နည်းလမ်း

အရေးကြီးသည်မှာ၊ သင်သည် -

- သင့်ကျောက်ပတ်တီးကို ရေမစိုစေရ၊ အပူမထိစေရ၊ သို့မဟုတ် ကွေးရန်မကြိုးစားရ။
- ကျောက်ပတ်တီး၏အောက်ဖက် အရေပြားကို ဘောပင်များ၊ ဇာထိုးအပ်များ၊ ပေတံများဖြင့် အရေပြား ထိခိုက်နိုင်သောကြောင့် မကုတ်ရ။
- ပထမ 48 နာရီအတွင်း ကျောက်ပတ်တီး သေချာစွာ ခြောက်သွေ့သွားစေရန် အထူးဂရုစိုက်ပါ။
- ရေချိုးသည့်အခါ ကျောက်ပတ်တီးကို ပန်းကန်သုတ်အဝတ်စ သို့မဟုတ် လက်သုတ်ပုဝါဖြင့် ဖုံးအုပ်၍ ပလတ်စတစ်အိတ်ဖြင့် အပေါ်မှ စွပ်လိုက်ပါ။
- ကျောက်ပတ်တီး၏အတွင်းဖက်သို့ လက်ချောင်းများ နှင့်/သို့မဟုတ် ခြေချောင်းများ လျှောမဝင်စေရန် စစ်ဆေးပါ။
- ကျောက်ပတ်တီးစည်းပြီး ပထမ 48 နာရီအတွင်း ထိခိုက်ထားသည့် လက်/လက်ချောင်းများ/ခြေထောက်/ ခြေချောင်းများကို တစ်နေ့ အကြိမ်ရေများများ ဂရုစိုက်ကြည့်ပါ -
    - အပူချိန် – ထိတွေ့ရသည်မှာ (အခြားတစ်ဖက် ခြေလက်များအတိုင်း) ပူနွေးနွေး သို့မဟုတ် အနည်းငယ်မျှ အေးနေသင့်သည်။
    - အသားအရောင် - အခြားတစ်ဖက် ခြေလက်များအတိုင်း ရှိနေသင့်သည်။
    - လှုပ်ရှားမှု – လျှော့နည်းနိုင်သည်။
    - ထိတွေ့ခံစားရမှု - အခြားတစ်ဖက် ခြေလက်များအတိုင်း အတူတူဖြစ်သင့်သည်။
    - ရောင်ကိုင်းခြင်း - ရောင်နေသည့် ခြေချောင်းများ၊ လက်များ၊ သို့မဟုတ် လက်ချောင်းများမှာ အစဦးပိုင်းတွင် ဖြစ်လေ့ရှိသော်လည်း ရက်အနည်းငယ်အတွင်း တဖြည်းဖြည်း အရောင်ကျသွားသင့်သည်။

အကယ်၍ သင် အထက်ပါအတိုင်း စိတ်ပူပန်နေပါက သင့် ကုသနေကျ ဆရာဝန် သို့မဟုတ် သင်နှင့်အနီးဆုံး အရေးပေါ်လူနာဌာနသို့ ပြသပါ။

## **ပတ်တီးကို ဂရုစိုက်ထိန်းသိမ်းခြင်း**

### ပိတ်ကျဲစပတ်တီးဖြင့်ပတ်ထားသည့် ကျောက်ပတ်တီး

- ပတ်တီး ခိုင်ခိုင် ရှိနေစေရန်အတွက် နေ့စဉ် ပြန်စည်းရန် လိုအပ်ပါသည်။ လက်ရှိ ကျောက်ပတ်တီးပေါ်ပိတ်ကျဲစပတ်တီး (Crepe Bandage) ဖြင့် နေ့စဉ် ခပ်တင်းတင်း ပြန်စည်းရန် လိုအပ်ပါမည်။ မူလစည်းထားသည့် ပတ်တီးကို မချွတ်လိုက်ပါနှင့်။
- သူနာပြု သို့မဟုတ် ဆရာဝန်က သင့်အား လက်ချောင်းများ သို့မဟုတ် ခြေချောင်းများမှ စတင်စည်း၍ လက်များ၊ ခြေများအထိ စည်းရပုံကို ပြသပါလိမ့်မည်။
- သင် ဆေးရုံမှမထွက်ခွာမီ သင့်အား ပိတ်ကျဲစပတ်တီး ပေးပါလိမ့်မည်။

### ဆန့်ကျုံ့နိုင်သော အရောင်ပတ်တီးစည်းထားသည့် ကျောက်ပတ်တီး

နောက်တစ်ဖန် ပြန်စည်းရန် မလိုအပ်ပါ။

### (ကျောက်ပတ်တီးအတု / ဖန်မျှင်ထည် ပတ်တီး) အပြည့်ပတ်ခြင်း

နောက်တစ်ဖန် ပြန်စည်းရန် မလိုအပ်ပါ။

## နေ့စဉ်လုပ်ဆောင်မှုများ

အကယ်၍သင့်ကလေးကို ပုခုံးသိုင်းကြိုး ပေးခဲ့ပါက သင့်ကလေး ပုံမှန်အတိုင်း လက်ကိုလှုပ်ရှားနိုင်သည်အထိ သိုင်းထားပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် အရောင်သက်သာစေပြီး နာကျဉ်မှုနှင့် သက်သာလာမှုအတွက် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

အကယ်၍ လမ်းလျှောက်အထောက်အကူ (ချိုင်းထောက်) ပေးခဲ့ပါက အသုံးပြုပါ။

အကြံပြုသည်မှာ -

- ဒဏ်ရာရသောလက်၊ခြေမှ လက်ချောင်း သို့မဟုတ် ခြေချောင်းများကို သွက်သွက်လေး လှုပ်ရှားပေးပါ။
- အားကစား မလုပ်ပါနှင့်။
- သက်သောင့်သက်သာ မဖြစ်မခြင်း ကျောင်းမတက်ပါနှင့်။
- အကယ်၍သင့်ကလေးသည် တည်ငြိမ်မလာလျှင် ဂဏာမငြိမ်ကယောက်ကယက်ဖြစ်လျှင် သို့မဟုတ် ခံတွင်းပျက်နေလျှင် ဆရာဝန်နှင့် ပြသပါ။
- ခံနိုင်ရည်ရှိအောင် ကျောက်ပတ်တီးကို ခိုင်ခိုင်ထားပါ။

ဒဏ်ရာရသောလက်၊ခြေကို ပထမ 24 နာရီမှ 48 နာရီအတွင်း ခပ်မြင့်မြင့် (ပင့်) ထားခြင်း (ဥပမာ၊ ထိုင်နေချိန် သို့မဟုတ် အိပ်နေချိန်တွင် ကျောက်ပတ်တီးကို ခေါင်းအုံးပေါ်တင်ထားခြင်း) သည် သင့်ကလေးအဖို့ ပိုမို သက်သာနိုင်သည်။ ဤသို့ဖြင့် ရောင်ခြင်းနှင့် နာကျင်ခြင်းကို သက်သာစေနိုင်သည်။

## အကိုက်အခဲပျောက်ဆေး

အကြံပြုသည်မှာ -

- လိုအပ်သလို နာကျင်ကိုက်ခဲမှုအတွက် ဆေးဘူးပါ ညွှန်ကြားချက်များအတိုင်း ပါရာစီတမောလ် သို့မဟုတ် အိုင်ဗျူပရိုဖင် တိုက်ပါ။
- ဆေးဝါးဖြင့် နာကျင်ကိုက်ခဲခြင်း မသက်သာလျှင် ဆရာဝန်နှင့် ပြသပါ။

## ဆက်လက်ဆောင်ရွက်ခြင်း

- ဆက်လက်ဆောင်ရွက်ရန် ရက်ချိန်းများအကြား ကြာမည့်အချိန်ကာလမှာ ဒဏ်ရာ၏ အခြေအနေပေါ်မူတည်၍ အမျိုးမျိုးရှိပါမည်။
- သင့်အား ရက်ချိန်း ပေးချင်ပေးမည် သို့မဟုတ် ရက်ချိန်းတောင်းရန် သင့်အား ဖုန်းနံပါတ်ပေးချင် ပေးပါလိမ့်မည်။

## ဆက်သွယ်ရန်

ဆေးရုံဆင်းပြီးနောက် သင် အောက်ပါတို့နှင့်စပ်လျဉ်း၍ စိတ်ပူပန်နေပါက -

- ကျောက်ပတ်တီး၏အတွင်းမှ လက်ချောင်း /ခြေချောင်းများတွင် နာကျင်ကိုက်ခဲခြင်း၊ ရောင်ကိုင်းခြင်း၊ အရောင်ပြောင်းခြင်း၊ ထိတွေ့ခံစားမှု သို့မဟုတ် လှုပ်ရှားမှု လျော့နည်းခြင်း
- ကျောက်ပတ်တီးသည် ပျော့နေလျှင်၊ ချောင်နေလျှင်၊ သို့မဟုတ် အက်ကြောင်းများဖြစ်နေလျှင်
- ကျောက်ပတ်တီးအတွင်း အရေပြား ရောဂါကူးစက်မှု ရှိနေလျှင် (ကျောက်ပတ်တီး၏အတွင်းမှ အနံ့ဆိုးထွက်နေလျှင်၊ သင့်ကလေး အဖျားတက်နေလျှင်)

သင့်ကလေးကို ကုသနေကျ ဆရာဝန် သို့မဟုတ် အနီးဆုံး အရေးပေါ်လူနာဌာနသို့ ခေါ်သွားပြီးပြသပါ။

**Child and Adolescent Health Service**

15 Hospital Avenue, Nedlands, WA, 6009.

တယ်လီဖုန်း - (08) 6456 2222

ထုတ်ဝေသူ - အရေးပေါ်လူနာဌာန

ရည်ညွှန်း - 216.3 © CAHS 2023

**ဤစာစောင်ကို မသန်စွမ်းမှု တစ်ခုခုရှိသူများအတွက် တောင်းခံပါက ပုံစံအမျိုးမျိုးဖြင့် ရရှိနိုင်ပါသည်။**

**တာဝန်မယူငြင်းဆိုချက် –** ဤစာစောင်သည် အထွေထွေ ပညာပေးရေးနှင့် သိကောင်းစရာများ ဖြန့်ဝေခြင်းအတွက် ရည်ရွယ်ပါသည်။ ကျန်းမာရေးဆိုင်ရာ အကြံဉာဏ် လိုအပ်ပါက ကျွမ်းကျင်သော ကျန်းမာရေးပညာရှင်များကို ဆက်သွယ်ပါ။

မူပိုင် © State of Western Australia, Child and Adolescent Health Service.